ပြည်သူ့လွှတ်တော်ရုံး

သုတေသနဌာန

ရက်စွဲ။ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်

# မြန်မာ့သစ်တောများ ပြန်လည်ထူထောင်ထိန်းသိမ်းမှုအား လေ့လာခြင်း

**အကျဉ်းချုပ်**

မြန်မာနိုင်ငံသည် သစ်တောများစွာ ဖုံးလွှမ်းသည့်နိုင်ငံများစာရင်းတွင် ပါဝင်ခဲ့သော်လည်း ယခုအခါ လူတို့၏ပယောဂများကြောင့် မြန်မာ့သစ်တောများပြုန်းတီးခြင်းဖြင့် ရင်ဆိုင်နေရပါသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရမှ သစ်တောများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို စီမံကိန်းများချမှတ်၍ အရေးကြီးသည့်ကဏ္ဍတစ်ခုအနေဖြင့် ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်နေပါသည်။

ဤစာတမ်းတိုတွင် မြန်မာနိုင်ငံအတွင်း ပေါက်ရောက်သည့် သစ်တောအမျိုးအစားများ၊ သစ်တောဖုံးလွှမ်းမှုအခြေအနေများနှင့် သစ်တောပြုန်းတီးမှုအခြေအနေများကို ရာခိုင်နှုန်းများဖြင့် ဖော်ပြထားပါသည်။ ၁၉၉၂ ခုနှစ်ကပြဋ္ဌာန်းထားသည့် တည်ဆဲသစ်တောဥပဒေကို ပြင်ဆင်ဆောင်ရွက်နေမှုများ၊ စီမံကိန်းကာလအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ အစုအဖွဲ့ပိုင် သစ်တောတည်ထောင်ပြီးစီးမှုအခြေအနေများ၊ နိုင်ငံအချို့၏ သစ်တောထိန်းသိမ်းရာတွင် အောင်မြင်ခဲ့သည့်နည်းလမ်းများနှင့် သစ်တောကျွမ်းကျင်သူများ၏ အမြင်များပါရှိပြီး သစ်တောဆိုင်ရာများကို လေ့လာသိရှိနိုင်ရန်အတွက် ရေးသားပြုစုထားခြင်းဖြစ်ပါသည်။

သုတေသနစာတမ်းတို အမှတ်စဉ် - ၆၆

ဤစာတမ်းတိုနှင့်ပတ်သက်၍ သတိပြုရန်အချက်များအား နောက်ဆုံးစာမျက်နှာတွင် ဖော်ပြထားသည်။

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

၁။ နိဒါန်း ..................................................................................................................၃

၂။ မြန်မာနိုင်ငံ၏သစ်တောဖုံးလွှမ်းမှုများနှင့် သစ်တောအမျိုးအစားများ ...............................၄

၃။ မြန်မာနိုင်ငံ၏ သစ်တောပြုန်းတီးရခြင်းအကြောင်းအရင်းများ .......................................၆

၄။ သစ်တောများအတွက်ချမှတ်ထားသည့်ဥပဒေနှင့် မူဝါဒများ ...........................................၇

၅။ သစ်တောများထိန်းသိမ်းရာ၌ စီမံခန့်ခွဲခြင်းကဏ္ဍ .........................................................၈

၆။ စီမံကိန်းများချမှတ်၍ သစ်တောထိန်းသိမ်းဆောင်ရွက်များ ............................................၉

၇။ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် အစုအဖွဲ့ပိုင် သစ်တောတည်ထောင်ပြီးစီးမှုစာရင်း ......၁၁

၈။ တောင်ကိုရီးယားနိုင်ငံ၏ သစ်တောထိန်းသိမ်းမှုများ ....................................................၁၂

၉။ တရုတ်နိုင်ငံ၏သစ်တောပြန်လည်ထိန်းသိမ်းမှုများ .....................................................၁၄

၁၀။ ကနေဒါနိုင်ငံ၏ သစ်တောထိန်းသိမ်းမှုများ.............................................................၁၄

၁၁။ ထိုင်းနိုင်ငံ၏သစ်တောထိန်းသိမ်းမှုများ................................................................ ၁၅

၁၂။ ကျွမ်းကျင်သူများ၏အမြင်များ ........................................................................... ၁၆

၁၃။ နိဂုံး ............................................................................................................ ၁၇

## နိဒါန်း

၁။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်များက သစ်တောကို အဓိကျသော သဘာဝအရင်းအမြစ်များ များစွာရှိသည့်အနက် အရေးပါသည့်အရင်းအမြစ် (၅) ခုမြောက်အဖြစ် သတ်မှတ်ကြပါသည်။ သစ်တောသစ်ပင်များသည် နည်းလမ်းမျိုးစုံဖြင့် အကျိုးပြုလျက်ရှိရာ လူသားတို့အတွက် အသက်မွေးဝမ်းကျောင်းမှုများ ဖန်တီးပေးခြင်း၊ မျိုးစိတ်များစွာတို့အတွက် ခိုလှုံမှုပေးခြင်း၊ လေကောင်းလေသန့်များ ရရှိစေခြင်းတို့မှာ သိသာထင်ရှားသည့် အချက်များပင်ဖြစ်ပါသည်။ သစ်တောဟုဆိုရာတွင် သစ်ပင်များကို အထောက်အကူပြုသော မြေလွှာများ၊ ရေပတ်ဝန်းကျင်၊ လေပတ်ဝန်းကျင်တို့ ပါဝင်ပါသည်။ သစ်တောသည် သက်ရှိများအတွက် အရေးပါသကဲ့သို့ ရာသီဥတုအပေါ်လည်း လွှမ်းမိုးမှုရှိပါသည်။

၂။ သစ်တောများထိန်းသိမ်းခြင်းကြောင့် ပစ္စုပ္ပန်နှင့်အနာဂတ် မျိုးဆက်များအတွက် စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးများကို ရရှိစေပါသည်။ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံမှ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ (၂၅) ရက်နေ့တွင်ပြုလုပ်သော စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် (၁၇) ခု (Sustainable Development Goals SDGs) နှင့် ရည်မှန်းချက် (၁၆၉) ချက်ကို ချမှတ်ခဲ့သည်။ အဆိုပါ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် (၁၇)ခုအနက် ပန်းတိုင် (၁၅) သည် သစ်တောများစဉ်ဆက်မပြတ် ထိန်းသိမ်းစီမံအုပ်ချုပ်ခြင်းနှင့် သက်ဆိုင်သောရည်မှန်းချက်ဖြစ်ပါသည်။ ထိုသို့ဖွံ့ဖြိုးရေးကဏ္ဍ၌ ဖော်ပြထားခြင်းသည် သစ်တောများ၏ အရေးကြီးသော အခန်းကဏ္ဍကို မီးမောင်းထိုးပြခြင်းပင်ဖြစ်ပါသည်။ ယနေ့ နိုင်ငံတကာအဖွဲ့အစည်းများသည် ဧရိယာများပြားသည့် သစ်တောများပြန်လည်တည်ထောင်ရေးကို အထူးကြိုးပမ်းအားထုတ်လျက်ရှိပါသည်။ မြန်မာနိုင်ငံသည် နှစ်စဉ်သစ်တောများပြုန်းတီးနေခြင်းကြောင့်သစ်တောများပြန်လည်ထူထောင်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။[1]

[1] ဒေါက်တာသောင်းနိုင်ဦး၊စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များနှင့် သစ်တောများ၏ အခန်းကဏ္ဍ(၂၁.၆.၂၀၁၇)ကြေးမုံသတင်းစာ စာမျက်နှာ(၁၈)မှ ကောက်နုတ်ထားပါသည်။

## မြန်မာနိုင်ငံ၏သစ်တောဖုံးလွှမ်းမှုများနှင့် သစ်တောအမျိုးအစားများ

၃။ မြန်မာနိုင်ငံသည် အာရှ-ပစိဖိတ်ဒေသအတွင်း သဘာဝသစ်တောဧရိယာ အပေါ်များဆုံး နိုင်ငံများတွင် တစ်နိုင်ငံအဖြစ် ပါဝင်ခဲ့ပါသည်။ သဘာဝသစ်တောဖုံးလွှမ်းမှု ရာခိုင်နှုန်းများအရ ကမ္ဘာပေါ်တွင် ပဉ္စမမြောက် သစ်တောဖုံးလွှမ်းမှု အများဆုံးနိုင်ငံဖြစ်ခဲ့ပါသည်။[2]

၄။ မြန်မာနိုင်ငံ၏ ဧရိယာအကျယ်အဝန်းမှာ စတုရန်းမိုင် (၂.၆) သိန်းကျော် ရှိသည့်အနက် ၂၀၁၁ ခုနှစ်၏စာရင်းများအရ မြန်မာတစ်နိုင်ငံလုံး၏ သစ်တောဧရိယာမှာ စတုရန်းမိုင် (၁.၃) သိန်းကျော်သာ ကျန်ရှိပါသည်။ မြန်မာနိုင်ငံဧရိယာသည် ဟတ်တာ ၆၅.၇ သန်းဖြစ်ပြီး မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုမှာ ကုန်းမြေဧရိယာ၏ ၄၄.၁၆ ရာခိုင်နှုန်းဖြစ်ကြောင်း လေ့လာစိစစ်တွေ့ရှိရသည်ဟု ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ထိ (၅) နှစ်တာကာလအတွင်း ပြည်ထောင်စုဝန်ကြီးဌာနများ၏ လုပ်ငန်းဆောင်ရွက်ချက်နှင့် တိုးတက်ဆောင်ရွက်နိုင်ခဲ့မှု မှတ်တမ်းများတွင် ဖော်ပြထားပါသည်။[3]

၅။ မြန်မာနိုင်ငံတစ်ဝှမ်းတွင် ပေါက်ရောက်သည့် သစ်တောအမျိုးအစားများနှင့် ဧရိယာအကျယ်အဝန်းများကို ရာခိုင်နှုန်းအသီးသီးတို့ဖြင့် အောက်ပါအတိုင်းဖော်ပြထားပါသည်-[4]

| စဉ် | သစ်တောအမျိုးအစား | စတုရန်းမိုင် | ရာခိုင်နှုန်း |
|---|---|---|---|
| ၁။ | ဒီရေတော | ၅၃၀၉ | ၄ |
| ၂။ | အပူပိုင်းအမြဲစိမ်းတော | ၂၁၂၃၅ | ၁၅ |
| ၃။ | ရွက်ပြတ်ရောနှောတော | ၅၁၇၆၄ | ၃၈ |
| ၄။ | အပူပိုင်းသစ်တော | ၁၃၂၇၄ | ၁၀ |
| ၅။ | အင်တိုင်းတော | ၆၆၃၇ | ၅ |
| ၆။ | တောင်ပေါ်တောနှင့် သမပိုင်းအမြဲစိမ်းတော | ၃၄၅၀၉ | ၂၅ |
| ၇။ | တောနိမ့်၊ ခြုံပုတ်တော | ၃၈၅၃ | ၃ |


[2] မြန်မာနိုင်ငံ၌ သစ်တော အမျိုးအစားများအလိုက် သစ်တောဧရိယာ စုစုပေါင်း ၁၃၆၅၈၁ စတုရန်းမိုင်ရှိ၊ 11-8-2011 https://groups.google.com/forum/#!topic/travelmyanmar/RdLKq083kgI(16.6.2017) မှ ကောက်နုတ်ထားပါသည်။

[3] ၂၀၁၁-၂၀၁၂မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ အစိုးရမှထုတ်ပြန်သော သစ်တောဖုံးလွှမ်းမှုအခြေအနေ၊ 15-8.2016 ရက်နေ့ထုတ် Info Digest Journal အမှတ်(၆) စာမျက်နှာ ၁၁ မှကောက်နုတ်ထား ပါသည်။ (ကောက်နုတ်ရရှိသည့်ရက်19.6.2017)

[4] မြန်မာနိုင်ငံ၌ သစ်တော အမျိုးအစားများအလိုက် သစ်တောဧရိယာ စုစုပေါင်း ၁၃၆၅၈၁ စတုရန်းမိုင်ရှိ၊ 11-8-2011, https://groups.google.com/forum/#! topic/travelmyanmar/RdLKq083kgI မှကောက်နုတ်ထားပါသည်။

၆။ မြန်မာနိုင်ငံ၏ နှစ်အလိုက် သစ်တောဖုံးလွှမ်းမှုရာခိုင်နှုန်းများကို အောက်ဖော်ပြပါပုံတွင် လေ့လာနိုင်ပါသည်-

**သစ်တောဖုံးလွှမ်းမှုများ (၁၉၉၀ ခုနှစ်မှ ၂၀၁၅ ခုနှစ်ထိ)**




၇။ အထက်ပါပုံအရ ၂၅ နှစ်ကြာကာလအတွင်း နှစ်စဉ်ပျမ်းမျှသစ်တောပြုန်းတီးမှုသည် ဟတ်တာ (၄) သိန်း ကျော်၊ ဧကအနေဖြင့် (၉၈၈,၀၀၀)ကျော်ရှိသည်ကို တွေ့ရှိရပါသည်။[5]

၈။ ၁၉၉၀ ခုနှစ်မှ ၂၀၁၅ ခုနှစ်ထိ သစ်တောဖုံးလွှမ်းမှု ကျဆင်းလာသည့်အခြေအနေ ရာခိုင်နှုန်းများဖော်ပြမှုကို အောက်ပါဇယားတွင် လေ့လာတွေ့ရှိနိုင်ပါသည်-[6]

| စဉ် | ခုနှစ် | ဖုံးလွှမ်းမှုရာခိုင်နှုန်း |
|---|---|---|
| ၁။ | ၁၉၉၀ | ၆၀.၀၁ |
| ၂။ | ၁၉၉၅ | ၅၆.၆၈ |
| ၃။ | ၂၀၀၀ | ၅၃.၃၅ |
| ၄။ | ၂၀၀၅ | ၅၁.၀၀ |
| ၅။ | ၂၀၁၀ | ၄၈.၆၄[7] |
| ၆။ | ၂၀၁၅ | ၄၄.၄၇ |

[5] ဒေါက်တာသောင်းနိုင်ဦး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များနှင့် သစ်တောများ၏ အခန်းကဏ္ဍ(၂၁.၆.၂၀၁၇)ဟောပြောပွဲသတင်းစာ စာမျက်နှာ(၂၁)မှ ကောက်နုတ်ထားပါသည်။

[6] Myanmar - Forest area (% of land area) http://www.indexmundi.com/facts/myanmar/indicator/AG.LND.FRST.ZS မှကောက်နုတ်ထားပါသည်။

[7] မြန်မာနိုင်ငံ၌ နှစ်စဉ် သစ်တောဧရိယာ ဧက ၅၀၀၀၀၀ ကျော် သစ်ထုတ်ယူမှုကြောင့် ဆုံးရှုံးနေ၊ 29-6-2013, http://mgyelatt.blogspot.com/2013/06/blog-post_6145.html (Accessed Date 16.6.2017) မှကောက်နုတ်ထားပါသည်။

၉။ သစ်တောဖုံးလွှမ်းမှု ရာခိုင်နှုန်းများအရ သစ်တောဖုံးလွှမ်းမှုသည် တစ်နှစ် ထက်တစ်နှစ် ကျဆင်းလျက်ရှိပြီး နှစ်စဉ်နှစ်တိုင်း သစ်တောပြုန်းတီးမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။

၁၀။ ၁၉၉၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး၏ သစ်တောဖုံးလွှမ်းမှုမှာ (၆၀.၀၁) ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် တိုင်းတာမှုစာရင်းများအရ သစ်တောဖုံးလွှမ်းမှု (၄၄.၅၇) ရာခိုင်နှုန်းသို့ ကျဆင်းခဲ့ပါသည်။

## မြန်မာနိုင်ငံ၏ သစ်တောပြုန်းတီးရခြင်းအကြောင်းအရင်းများ

၁၁။ မြန်မာနိုင်ငံသည် ၁၉၈၀ ခုနှစ်ဝန်းကျင်တွင် ကျွန်းစိုက်ခင်းများကို စတင်တည်ထောင်၍ ကျွန်းစိုက်ခင်းများ လျင်မြန်စွာတိုးတက်ခဲ့ပါသည်။ သို့သော်နိုင်ငံရေး၊ လူမှုရေးနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာပြဿနာများကြောင့် ဆုံးရှုံးမှုများစွာရှိခဲ့ပါသည်။ ၂၀၁၀ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ကမ္ဘာ့သစ်တောများပြုန်းတီးမှုကို လေ့လာထားသော အစီရင်ခံစာအရ သစ်တောပြုန်းတီးမှု အဆင့်(၁) နေရာတွင် ဘရာဇီးနိုင်ငံ၊ အဆင့်(၂)နေရာတွင် အင်ဒိုနီးရှားနိုင်ငံရပ်တည်နေပြီး အဆင့်(၃) နေရာတွင် မြန်မာနိုင်ငံရှိနေပါသည်။[8]

၁၂။ စိုက်ပျိုးမြေများ ချဲ့ထွင်လာခြင်း၊ လောင်စာအတွက်ထင်း၊ မီးသွေးအသုံးပြုမှုများပြားခြင်း၊ မတော်လောဘသမားများ၏ ကိုယ်ကျိုးရှာစီးပွားရေးအတွက် တရားမဝင်သစ်များခုတ်ထွင်ရှင်းလင်းရောင်းချခြင်း၊ တောမီးများလောင်ကျွမ်းခြင်း၊ သစ်တောမြေများအပေါ် ကျူးကျော်နေထိုင်ခြင်းနှင့် မြို့ပြများဖြစ်ထွန်းလာခြင်းတို့ကြောင့် သစ်တောများပြုန်းတီးခဲ့ပါသည်။ ထိုသို့ သစ်တောပြုန်းတီးမှုကြောင့် ရာသီဥတုဖောက်ပြန်ခြင်းများ၏ အကျိုးဆက်များနှင့်အတူ အပူအအေးလွန်ကဲခြင်း၊ မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ မုန်တိုင်းများကျရောက်ခြင်း၊ စားနပ်ရိက္ခာမလုံလောက်မှု၊ ရေရှားပါးမှုနှင့်အတူ ကျန်းမာရေးဆိုးကျိုးများကို တစ်နှစ်ထက်တစ်နှစ် ပိုမိုခံစား နေရပါသည်။ [9]

[8] FAO ၏ ၂၀၁၅ ခုနှစ် အစီရင်ခံစာ၊ 15-8.2016 ရက်နေ့ထုတ် Info Digest Journal အမှတ်(၆) စာမျက်နှာ ၁၂ မှကောက်နုတ်ထားပါသည်။ (ကောက်နုတ်ရရှိသည့်ရက် 19.6.2017)

[9] ရာပြည့်၊ မြန်မာနိုင်ငံနှင့် သစ်တောပြုန်းတီးမှုအန္တရာယ်၊ 15-8.2016 ရက်နေ့ထုတ် Info Digest Journal အမှတ်(၆) စာမျက်နှာ ၃၆ မှကောက်နုတ်ထားပါသည်။ (ကောက်နုတ်ရရှိသည့်ရက် 19.6.2017)

## သစ်တောများအတွက်ချမှတ်ထားသည့်ဥပဒေနှင့် မူဝါဒများ

၁၃။ မြန်မာနိုင်ငံတွင် သစ်တောများအတွက် ၁၉၀၂ ခုနှစ်က Forest Act ဥပဒေကို ပြဋ္ဌာန်း ကျင့်သုံးခဲ့ပါသည်။ ၁၉၉၂ ခုနှစ်တွင် ဥပဒေအမှတ် ၈/၉၂ ဖြင့် **"သစ်တောဥပဒေ"**ကို ထုတ်ပြန် ပြဋ္ဌာန်း၍ "Forest Act" ဥပဒေကို ရုပ်သိမ်းခဲ့ပါသည်။ ယင်းသစ်တောဥပဒေတွင် အခန်း (၁၄) ခန်းနှင့် ပုဒ်မ ၅၈ ခု ပါဝင်ပါသည်။

၁၄။ ယခုအခါ အဆိုပါ **"သစ်တောဥပဒေ"**ကို ပြည်ထောင်စုအစိုးရ၏ မူဝါဒနှင့် လိုက်လျော ညီထွေဖြစ်စေရန် သက်ဆိုင်ရာဝန်ကြီးဌာနအဖွဲ့အစည်းများမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါ သည်။ ၁၉၉၂ ခုနှစ်ကထုတ်ပြန်ခဲ့သည့် သစ်တောဥပဒေကို ပြင်ဆင်ရာတွင် သုံးပုံနှစ်ပုံကျော် ပြင်ဆင်ရသဖြင့် သက်ဆိုင်ရာဝန်ကြီးဌာန၊ လွှတ်တော်တွင်းကော်မတီ၊ ပြည်ပအဖွဲ့အစည်းများ နှင့် အရပ်ဖက်အဖွဲ့အစည်းတို့သည် ဥပဒေသစ်တစ်ခုကဲ့သို့ ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ အခန်း (၁၃) ခန်းနှင့် ပုဒ်မ ၆၁ ခု ပါဝင်သည်ကို တွေ့ရှိရပါသည်။

၁၅။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ သစ်တောထိန်းသိမ်း ရေးအတွက် သစ်တောမူဝါဒ (၆)ချက်ကို အောက်ပါအတိုင်းချမှတ်ထားပါသည်-

(က) ရေမြေ၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို ထိန်းသိမ်းကာကွယ်ခြင်း၊

(ခ) သစ်တောသယံဇာတ အရင်းအမြစ်များကို ထာဝစဉ် တည်တံ့စေခြင်း၊

(ဂ) ပြည်သူတို့၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်း၊

(ဃ) သစ်တောသယံဇာတများကို စီးပွားရေးအကျိုးအမြတ်များ အကောင်းဆုံး ရရှိရေး စွမ်းဆောင်ရည်ကို တိုးတက်ကောင်းမွန်စေခြင်း၊

(င) သစ်တောများစီမံအုပ်ချုပ်ခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းကာကွယ်ရေးတွင် ပြည်သူလူထုပူးပေါင်းပါဝင် ဆောင်ရွက်လာစေခြင်း၊

(စ) နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်တောသယံဇာတများ၏ အရေးပါမှုအပေါ် ပြည်သူများ၏ အသိအမြင်ကို ရှင်သန်ကြီးထွားလာစေခြင်း စသည့် မူဝါဒများကို ချမှတ်၍ ဆောင်ရွက်လျက်ရှိပါသည်။[10]

[10] သစ်တောမူဝါဒ၊ www.fdmoecaf.gov.mm/policy မှကောက်နုတ်ထားပါသည်။

## သစ်တောများထိန်းသိမ်းရာ၌ စီမံခန့်ခွဲခြင်းကဏ္ဍ

၁၆။ ယခင်က မြန်မာ့သစ်တောများကို သိပ္ပံနည်းကျ သစ်တောအုပ်ချုပ်ရေးကိုချမှတ်ကာ သစ်တောများ ထာဝစဉ်တည်တံ့ရေးမူ(၃)ချက်ကို အောက်ပါအတိုင်းချမှတ်ဆောင်ရွက်ခဲ့ပါသည်-

(က) သစ်တောများမှ သစ်ထုတ်လုပ်နိုင်မှုထက် ပိုမခုတ်ရန်နှင့် သဘာဝသစ်တောများကို ကာကွယ်ရန်၊

(ခ) သစ်တောမှ ရရှိသည့်ဝင်ငွေကို သစ်တောအုပ်ချုပ်မှုတွင် ပြန်သုံး၍ အပိုဝင်ငွေများ ရရှိစေရန်၊

(ဂ) သစ်တောအတွင်းနှင့် သစ်တောပတ်ဝန်းကျင်၌ နေထိုင်ကြသူများသည် သစ်တောများ၏ မိတ်ဆွေများဖြစ်စေရန်၊

အထက်ဖော်ပြပါအချက်များကို ချမှတ်ခဲ့သော်လည်း တိတိကျကျလိုက်နာ ကျင့်သုံးခြင်း မရှိခဲ့ပေ။

၁၇။ ယခုအခါမြန်မာနိုင်ငံ၏ သစ်တောများသည်တောပြုန်းတီးနေသည့် အနေအထားရောက်ရှိနေခြင်းကြောင့် သစ်တောစီမံအုပ်ချုပ်မှုကဏ္ဍကို ဆောင်ရွက်ရန်အရေးကြီးပါသည်။ သစ်တောများကို ထိန်းသိမ်းရာ၌ သစ်တောလုပ်ကိုင်ခြင်းစီမံကိန်း(working plan) ဖြင့် သစ်တောတည်ရှိပုံ၊ သစ်ပင်အရွယ်အစားနှင့် အမျိုးအစားပါမြေပုံများဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထို့ပြင် သစ်ပင်များ၏ grade အရည်အသွေးပေါ်မူတည်ပြီး နှစ်စဉ်သစ်ခုတ်နိုင်သည့် ပမာဏသတ်မှတ်ချက်ကို တွက်ချက်ရမည်ဖြစ်ပါသည်။

၁၈။ သစ်တောရေရှည်တည်တံ့ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်အောင် စီမံခန့်ခွဲမှုတွင် ကဏ္ဍ (၃) ရပ်ရှိပါသည်။ ၎င်းတို့မှာ-

(က) သစ်တော၏သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုများ၊

(ခ) ပြည်သူလူထု၏ လိုအပ်ချက်အပေါ်ဖြည့်ဆည်းနိုင်မှုများ၊

(ဂ) စီးပွားရေးဆိုင်ရာကဏ္ဍများ စသည်တို့ဖြစ်ပါသည်။

၁၉။ သစ်တောထိန်းသိမ်းခြင်းနှင့်စီမံခန့်ခွဲရာတွင် စီးပွားရေးကဏ္ဍအတွက် သစ်တောထွက်ပစ္စည်းများ ရရှိရန်လိုအပ်သကဲ့သို့ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရမည့်အပြင် ပြည်သူလူထု

၏ လိုအပ်ချက်ကိုလည်း ဖြည့်ဆည်းပေးရန်တို့ကို ထည့်သွင်းတွက်ချက်၍ စီမံခန့်ခွဲရမည် ဖြစ်ပါသည်။ သစ်တောများထာဝစဉ်တည်တံ့ရေးနှင့် ပြည်လည်တည်ထောင်ရေးအတွက် သစ်တောစီမံခန့်ခွဲမှုကဏ္ဍသည် များစွာအရေးကြီးပါ သည်။[11] သို့ဖြစ်ပါ၍ သစ်တောစီမံအုပ်ချုပ်မှုကဏ္ဍကို အထောက်အပံ့ဖြစ်စေသော သစ်တောမူဝါဒများ၊ ဥပဒေများကို အလေးထားဆောင်ရွက်ရမည်ဖြစ်ပါသည်။ အဆိုပါကဏ္ဍတွင် တရားဥပဒေစိုးမိုးမှုရရှိရန်မှာလည်း အလွန်အရေးကြီးပါသည်။[12]

## စီမံကိန်းများချမှတ်၍ သစ်တောထိန်းသိမ်းဆောင်ရွက်များ

၂၀။ သက်ဆိုင်ရာဝန်ကြီးဌာနသည် အမျိုးသားသစ်တောထိန်းသိမ်းရေးစီမံကိန်း (National Forestry Master Plan- NFMP) ကို ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ခြင်းဖြင့် ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ အမျိုးသားသစ်တောကဏ္ဍ ပင်မစီမံကိန်း (၂၀၀၁-၂၀၀၂ မှ ၂၀၃၀-၂၀၃၁ ထိ) နှစ်(၃၀) စီမံကိန်းကိုချမှတ်ခဲ့ပါသည်။ အဆိုပါစီမံကိန်းသည် ဒေသခံပြည်သူများဖြင့် ဆောင်ရွက်ရသည့် အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများဖြစ်ပါသည်။ ထိုစီမံကိန်း၏ နှစ်(၃၀) ကာလအတွင်း သစ်တော ဧရိယာဧက(၂.၂၇)သန်း တည်ထောင်ရန် ရည်မှန်းထားပါသည်။

၂၁။ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများကို စိုက်ခင်းတည်ထောင်နည်းဖြင့်လည်းကောင်း၊ သဘာဝတောများ ကာကွယ်ထိန်းသိမ်းခြင်းနည်းဖြင့်လည်းကောင်း တည်ထောင်လျက်ရှိရာ စိုက်ခင်းတည်ထောင်ခြင်း (၁၈၆၄၁၀.၄၀)ဧက ၄၈ ရာခိုင်နှုန်းနှင့် သဘာဝသစ်တောထိန်းသိမ်းခြင်းအဖြစ် (၂၀၄၅၅၄.၃၇) ဧက ၅၂ ရာခိုင်နှုန်းဖြင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။

၂၂။ ကြိုးဝိုင်းနှင့်ကြိုးပြင် ကာကွယ်တောများကိုလည်း (၃၂၇၂၁၅.၈၅) ဧက ၈၄ ရာခိုင်နှုန်းနှင့် အစိုးရ စီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေတွင် (၆၃၇၄၈.၉၂)ဧက ၁၆ ရာခိုင်နှုန်းကို ဒေသခံပြည်သူ အစုအဖွဲ့ပိုင်အဖြစ် သစ်တောလုပ်ငန်း ဆောင်ရွက်ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။

၂၃။ လက်ရှိအခြေအနေတွင်သစ်တောများ ပြန်လည်ထိန်းသိမ်းနိုင်ရန်အတွက် ကုစားလျက်ရှိရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေး

[11] မြန်မာ့သစ်တောထိန်းသိမ်းရေးအတွက် အရေးပါသည့် စီမံခန့်ခွဲမှု၊ http://www.thesar8.com/2016/10/blog-spot_91.html မှကောက်နုတ်ထားပါသည်။

[12] ဒေါက်တာသောင်းနိုင်ဦး၊စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များနှင့် သစ်တောများ၏ အခန်းကဏ္ဍ(၂၁.၆.၂၀၁၇)ကြေးမုံသတင်းစာ စာမျက်နှာ(၂၁)မှ ကောက်နုတ်ထားပါသည်။

နှစ်အတွင်း သစ်ထုတ်လုပ်မှုလုံးဝရပ်နားခြင်း၊ ပဲခူးရိုးမဒေသအား သစ်ထုတ်လုပ်မှု (၁၀) နှစ် ရပ်ဆိုင်းခြင်း၊ နှစ်စဉ်သစ်တောထွက်ပမာဏ သတ်မှတ်ချက်ဘောင်အတွင်း လျှော့ချထုတ်လုပ်ရန် စီမံထားခြင်းတို့အပြင် မြန်မာသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်းကို (၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ ၂၀၂၆- ၂၀၂၇ ဘဏ္ဍာနှစ်အထိ) ချမှတ်ထားခဲ့ပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အဖွဲ့ပေါင်း (၈၄၅) ဖွဲ့၏ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော (၇၆၂၈၅.၀၈) ဧကကို ဒေသခံ ပြည်သူအစုအဖွဲ့ပိုင်အဖြစ် သစ်တောလုပ်ငန်း ဆောင်ရွက်ခွင့်လက်မှတ်ထုတ်ပေးနိုင်ရေး စီစဉ် ဆောင်ရွက်ချက်ရှိပါသည်။[13]

၂၄။ ၂၀၁၇-၂၀၁၈ခုနှစ်မှ ၂၀၂၆-၂၀၂၇ ခုနှစ်အထိ မြန်မာ့သစ်တောများ ပြန်လည်တည်ထောင် ရေး (၁၀)နှစ် စီမံကိန်းကို ရေးဆွဲဆောင်ရွက်နေပြီဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး တွင် သစ်တောစိုက်ခင်းအမျိုးမျိုးကိုတည်ထောင်၍ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော လုပ်ငန်း ဧရိယာ ဧက (၇) သိန်းကျော်ကို စိုက်ပျိုးတည်ထောင်နိုင်ရန် ဆောင်ရွက်လျက် ရှိပါသည်။[14]

၂၅။ စီမံကိန်းစတင်သည့် ၂၀၀၁ ခုနှစ်မှ ၂၀၁၇ ခုနှစ်၊ မေလကုန်အထိ ဒေသခံပြည်သူများနှင့် တည်ထောင်ထားသည့် အဖွဲ့ (၂၈၄၅) ဖွဲ့မှ အဖွဲ့ဝင်ဦးရေ (၇၆၄၉၀) ဦးတို့ ပူးပေါင်းပါဝင်၍ အစု အဖွဲ့ပိုင်သစ်တော ဧရိယာအကျယ်အဝန်းမှာ (၃၉၀၉၆၄.၇၇) ဧကရှိပါသည်။ တစ်ဖက်ပါဇယား တွင် ပြည်နယ်နှင့် တိုင်းအလိုက် သစ်တောတည်ထောင်ပြီးစီးမှုစာရင်း အသေးစိတ်ကို ဖော်ပြထား ပါသည်-

[13] သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ အချက်အလက်များရယူခြင်းဖြစ်ပါသည်။

[14] မြန်မာနိုင်ငံတစ်ဝန်း အစုအဖွဲ့ပိုင်သစ်တောဧက ၇ သိန်းကျော် တည်ထောင်မည်၊၁၈.၇.၂၀၁၇ ရက်နေ့ထုတ် The Voice Journal စာမျက်နှာ ၉ မှကောက်နုတ်ထား ပါသည်။

# တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် အစုအဖွဲ့ပိုင် သစ်တောတည်ထောင်ပြီးစီးမှုစာရင်း

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ကြိုးဝိုင်း/ပြင်ကာကွယ်တော | | | ကြိုးပြင်တော | | | စုစုပေါင်း | အသုံးပြုသူများအဖွဲ့ | အဖွဲ့ဝင်ဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|
| | | စိုက်ခင်း | သဘာဝတောထိန်း | ပေါင်း | စိုက်ခင်း | သဘာဝတောထိန်း | ပေါင်း | | | | |
| | | (ဧက) | (ဧက) | (ဧက) | (ဧက) | (ဧက) | (ဧက) | (ဧက) | ဖွဲ့ | ဦး | |
| ၁ | ကချင် | ၈၅၅၉.၅၆ | ၆၂၇၁.၀၀ | ၁၄၈၃၀.၅၆ | ၁၈၆၀.၀၀ | ၃၂၈၆.၀၀ | ၅၁၄၆.၀၀ | ၁၉၉၇၆.၅၆ | ၄၈ | ၂၅၃၁ | |
| ၂ | ကယား | ၃၂၀၇.၀၀ | ၀.၀၀ | ၃၂၀၇.၀၀ | ၁၀၀.၀၀ | ၄၁၄.၄၈ | ၅၁၄.၄၈ | ၃၇၂၁.၄၈ | ၄၁ | ၁၃၅၀ | |
| ၃ | ကရင် | ၄၇၂၅.၅၀ | ၁၆၁.၉၅ | ၄၈၈၇.၄၅ | ၀.၀၀ | ၆၃၃.၀၅ | ၆၃၃.၀၅ | ၅၅၂၀.၅၀ | ၃၆ | ၄၈၅ | |
| ၄ | ချင်း | ၂၇၂၁.၃၄ | ၁၁၂၁.၀၀ | ၃၈၄၂.၃၄ | ၀.၀၀ | ၂၂၄၂.၄၀ | ၂၂၄၂.၄၀ | ၆၀၈၄.၇၄ | ၂၁၄ | ၁၇၁၄ | |
| ၅ | စစ်ကိုင်း | ၂၇၀၁၉.၉၈ | ၄၄၁.၇၆ | ၂၇၄၆၁.၇၄ | ၁၂၅၀.၀၀ | ၁၈၉၂.၀၀ | ၃၁၄၂.၀၀ | ၃၀၆၀၃.၇၄ | ၆၃၁ | ၆၅၃၈ | |
| ၆ | တနင်္သာရီ | ၅၉၃၉.၀၀ | ၁၅၄၈၁.၅၀ | ၂၁၄၂၀.၅၀ | ၀.၀၀ | ၂၀၀.၀၀ | ၂၀၀.၀၀ | ၂၁၆၂၀.၅၀ | ၄၇ | ၁၆၃၀ | |
| ၇ | ပဲခူး | ၁၀၀၁၆.၈၇ | ၆၉၆၀၄.၀၀ | ၇၉၆၂၀.၈၇ | ၃၀၀.၀၀ | ၁၂၄.၇၅ | ၄၂၄.၇၅ | ၈၀၀၄၅.၆၂ | ၂၀၆ | ၂၉၂၇ | |
| ၈ | မကွေး | ၅၆၀၇၀.၄၃ | ၁၂၅၇၉.၁၁ | ၆၈၆၄၉.၅၄ | ၂၄၄၅.၄၄ | ၂၅၆၈.၀၄ | ၅၀၁၃.၄၈ | ၇၃၆၆၃.၀၂ | ၄၃၉ | ၁၅၁၇၉ | |
| ၉ | မန္တလေး | ၁၆၃၁၇.၈၂ | ၁၁၃၆.၂၂ | ၁၇၄၅၄.၀၄ | ၆၆၅.၄၅ | ၈၅.၅၇ | ၇၅၁.၀၂ | ၁၈၂၀၅.၀၆ | ၁၇၁ | ၉၅၇၀ | |
| ၁၀ | မွန် | ၃၅၈.၅၀ | ၀.၀၀ | ၃၅၈.၅၀ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၃၅၈.၅၀ | ၁၉ | ၁၈၃ | |
| ၁၁ | ရခိုင် | ၄၈၆၄.၀၅ | ၁၂၂၅၇.၉၀ | ၁၇၁၂၁.၉၅ | ၂၃၇၃.၈၉ | ၂၂၆၅.၅၄ | ၄၆၃၉.၄၃ | ၂၁၇၆၁.၃၈ | ၂၂၈ | ၇၇၀၄ | |
| ၁၂ | ရန်ကုန် | ၁၇၉၂.၃၈ | ၁၁၂၅.၂၂ | ၂၉၁၇.၆၀ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၂၉၁၇.၆၀ | ၃၃ | ၈၄၈ | |
| ၁၃ | ရှမ်း | ၂၁၂၃၁.၈၅ | ၂၄၆၇၄.၅၇ | ၄၅၉၀၆.၄၂ | ၃၀.၀၀ | ၄၁၀၀၂.၃၁ | ၄၁၀၄၂.၃၁ | ၈၆၉၄၈.၇၃ | ၄၄၈ | ၁၈၄၄၅ | |
| ၁၄ | ဧရာဝတီ | ၁၁၆၁၇.၆၉ | ၄၆၃၃.၅၀ | ၁၆၂၅၁.၁၉ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၁၆၂၅၁.၁၉ | ၁၇၄ | ၆၆၂၅ | |
| ၁၅ | နေပြည်တော် | ၂၉၄၃.၆၅ | ၃၄၂.၅၀ | ၃၂၈၆.၁၅ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၃၂၈၆.၁၅ | ၁၁၀ | ၇၆၁ | |
| | **စုစုပေါင်း** | **၁၇၇၃၈၅.၆၂** | **၁၄၉၈၃၀.၂၃** | **၃၂၇၂၁၅.၈၅** | **၉၀၂၄.၇၈** | **၅၄၇၂၄.၁၄** | **၆၃၇၄၈.၉၂** | **၃၉၀၉၆၄.၇၇** | **၂၈၄၅** | **၇၆၄၉၀** | |

## တောင်ကိုရီးယားနိုင်ငံ၏ သစ်တောထိန်းသိမ်းမှုများ

၂၆။ တောင်ကိုရီးယားနိုင်ငံသည် ၁၉ ရာစုနှောင်းပိုင်းတွင် သစ်တောပြုန်းတီးမှု အဆိုးရွားဆုံး ဖြစ်ခဲ့ပါသည်။ တောင်ကိုရီးယားနိုင်ငံ၏ သစ်တောပြုန်းတီးရခြင်း အကြောင်းအရင်းများမှာ တရားမဝင်သစ်ထုတ်ယူခြင်း၊ သစ်အလွန်အကျွံထုတ်ယူခြင်း၊ ထင်းလောင်စာလိုအပ်ချက် မြင့်မားခြင်း၊ ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်မှုများပြားခြင်းနှင့် ညံ့ဖျင်းသည့်အုပ်ချုပ်မှုစနစ်တို့ကြောင့် ဖြစ်ပါသည်။

၂၇။ တောင်ကိုရီးယားနိုင်ငံသည် သစ်တောများပြုန်းတီးမှုကို ပြန်လည်ကုစားရန်အတွက် သစ်တောပြန်လည်တည်ထောင်ရေး စီမံကိန်းများကို ၁၉၇၃ ခုနှစ်မှ ၁၉၇၈ ခုနှစ်အတွင်း မြေဟတ်တာတစ်သန်းဖြင့် စနစ်တကျ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

၂၈။ ဒုတိယအကြိမ်အဖြစ် ၁၉၇၉ ခုနှစ်မှ ၁၉၈၇ ခုနှစ်အတွင်း သစ်တောဖွံ့ဖြိုးရေးစီမံချက်ကို မြေဟတ်တာ တစ်သန်းဖြင့်ဆောင်ရွက်ခဲ့ပြီး တတိယအကြိမ် သစ်တောဖွံ့ဖြိုးရေးစီမံချက်ကို စီးပွားရေးတန်ဖိုး မြှင့်တင်ရေးနှင့်ပြည်သူများ အကျိုးအမြတ်ခံစားရရေးတို့ကို ရည်ရွယ်၍ ဦးစားပေး ဆောင်ရွက်ခဲ့ပါသည်။

၂၉။ စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူလူထု၏ ပူးပေါင်းပါဝင်ခြင်းနှင့် အစိုးရ၏အခန်းကဏ္ဍကို တိတိကျကျသတ်မှတ်၍ ကောင်းမွန်မှန်ကန်သည့် အုပ်ချုပ်မှုစနစ်တစ်ရပ် တည်ထောင်နိုင်ခြင်းတို့ကို အဓိကထားဆောင်ရွက်ခဲ့ပါသည်။

၃၀။ သို့ဖြစ်ပါ၍ ၁၉၆၀ ခုနှစ်ဝန်းကျင်တွင် ဖွံ့ဖြိုးဆဲနိုင်ငံအဆင့်တွင်သာရှိသော တောင်ကိုရီးယားနိုင်ငံသည် သစ်တောပြန်လည်တည်ထောင်ခြင်းကို အောင်မြင်စွာဆောင်ရွက်ခဲ့ပါသည်။

၃၁။ ကိုရီးယားနိုင်ငံသည် သစ်တောများ ပြန်လည်တည်ထောင်မှုတွင် အောင်မြင်မှုရရှိခဲ့ပါသည်။ သစ်တောပြန်လည်တည်ထောင်ခြင်းလုပ်ငန်းများ အောင်မြင်ရခြင်း၏ အချက် (၅) ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မြစိမ်းရောင်ခေါင်းဆောင်မှု၊

(ခ) အုပ်ချုပ်မှုစနစ်၊

(ဂ) ပြည်သူလူထု၏ပူးပေါင်းပါဝင်မှု၊

(ဃ) Saemaual စိတ်ဓါတ်ပြုပြင်ခြင်း၊ (ကိုရီးယားနိုင်ငံ၏ Saemaual စိတ်ဓာတ်ဆိုသည်မှာ ၁၉၇၁ ခုနှစ်တွင် အစပြုခဲ့သည့် ဒေသခံပြည်သူများ ဖွံ့ဖြိုးမှုအတွက်ဆောင်ရွက်သည့် အစီအစဉ်တစ်ရပ်ဖြစ်ပါသည်။ Saemaual စိတ်ဓါတ်ဖြင့် ရွာသားများကို ရွာအနီးရှိ တောင်ကုန်းများတွင် သစ်ပင်စိုက်ပျိုးခြင်းဖြင့် သစ်တောပျိုးထောင်သည့် လုပ်ငန်းများဆောင်ရွက်ရန် သင်တန်းပေးခဲ့ပါသည်။)

(င) စီးပွားရေးဖွံ့ဖြိုးတိုးတက်လာခြင်း စသည့်အချက်များကြောင့် အောင်မြင်ရခြင်းဖြစ်သည်ဟု တောင်ကိုရီးယား ဆိုးလ်အမျိုးသားတက္ကသိုလ် ပါမောက္ခ Don Ko Lee က ဖော်ပြထားပါသည်။

၃၂။ နိုင်ငံတော်သစ်တောပြုပြင်ထိန်းသိမ်းမှုတွင် အောင်မြင်မှုများစွာရှိခဲ့သကဲ့သို့ မအောင်မြင်သည့်အချက်များလည်းရှိခဲ့ပါသည်။ ယင်းတို့မှာ - တောင်ကိုရီးယားနိုင်ငံ၏ သစ်တောပြန်လည်တည်ထောင်ခြင်းကို အောင်မြင်သည့်စီမံကိန်းအဖြစ် သတ်မှတ်နိုင်သော်လည်း (၁၀၀) ရာခိုင်နှုန်းအောင်မြင်ခဲ့ခြင်းမဟုတ်ပါ။ ၁၉၇၃ ခုနှစ်မှ ၁၉၇၈ ခုနှစ်ထိ (၅) နှစ်တာကာလအတွင်း ဧရိယာဟတ်တာသန်းပေါင်း (၁.၀၈) သန်းကို သစ်အမျိုးအစား တစ်မျိုးတည်းဖြင့် စိုက်ပျိုးခဲ့သောကြောင့်မြေနေရာ များနှင့်သစ်မျိုးများကို ကိုက်ညီစွာမရွေးချယ်နိုင်ခဲ့ကြပါ။ ၁၉၆၀-၁၉၇၀ ခုနှစ်ကြားတွင်တည်ထောင်ခဲ့သည့် သစ်တောပျိုးဥယျာဉ်များမှာလည်း စပါးစိုက်ပျိုးသည့် လယ်မြေများတွင်တည်ထောင်ခဲ့ခြင်းကြောင့် ရှင်သန်မှုရာခိုင်နှုန်း နည်းပါးခဲ့ပါသည်။[15]

၃၃။ တောင်ကိုရီးယားနိုင်ငံသည် သစ်တောများပြန်လည်တည်ထောင်ခြင်းတွင် အောင်မြင်မှုရရှိခဲ့ပါသည်။ ယခုအခါ စိမ်းလန်းစိုပြည်သော ဖွံ့ဖြိုးပြီးနိုင်ငံတစ်နိုင်ငံအဖြစ် ၎င်း၏သစ်တောပြန်လည်တည်ထောင်ခြင်းအတွေ့အကြုံများကို ဖြန့်ဝေပေးလျက်ရှိပါသည်။

၃၄။ သစ်တော ပြန်လည်တည်ထောင်ခြင်းစီမံကိန်းများ အောင်မြင်ရန်အတွက် နိုင်ငံ့ခေါင်းဆောင်များ၏ အသိအမှတ်ပြုမှု၊ ပြင်းထန်သည့်ဆန္ဒရှိမှု၊ အားစိုက်ဆောင်ရွက်မှုတို့သည် အရေးကြီးကြောင်း ကိုရီးယားသင်ခန်းစာတွင် တွေ့မြင်နိုင်ပါသည်။[16]

[15] ဒေါက်တာရာဇာမင်း (သစ်တောသုတေသနဌာန) တောင်ကိုရီးယားနိုင်ငံ၏ အမျိုးသားအဆင့် သစ်တောပြန်လည်ထူထောင်ခြင်းဆိုင်ရာ အတွေ့အကြုံများ (၁၇.၅.၂၀၁၇) ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၁၈) မှကောက်နုတ်ထားပါသည်။

[16] ဒေါက်တာရာဇာမင်း (သစ်တောသုတေသနဌာန) တောင်ကိုရီးယားနိုင်ငံ၏ အမျိုးသားအဆင့် သစ်တောပြန်လည်ထူထောင်ခြင်းဆိုင်ရာ အတွေ့အကြုံများ (၁၇.၅.၂၀၁၇) ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၁၈) မှကောက်နုတ်ထားပါသည်။

## တရုတ်နိုင်ငံ၏သစ်တောပြန်လည်ထိန်းသိမ်းမှုများ

၃၅။ တရုတ်နိုင်ငံတွင် ရေအလုံအလောက်မရှိသောကြောင့် နေရာတော်တော်များများတွင် သစ်ပင်များ ပြုန်းတီးမှုများနှင့်အတူ တိုက်ပွဲများကြောင့်လည်း သစ်တောပြုန်းတီးမှုများ ပေါ်ပေါက်လာခဲ့ပါသည်။ ထို့ကြောင့် “Great Green Wall” စီမံကိန်းအဖွဲ့မှ ခြောက်သွေ့နေသောနေရာလွတ်များတွင် ဧကသန်း (၉၀) နီးပါးရှိသော သစ်တောတစ်ခုစိုက်ပျိုးရန် ပုံစံထုတ်ခဲ့ပြီး ဧရိယာမိုင်ပေါင်း (၂၈၀၀) မိုင်ရှိသည့် သစ်တောပုံစံတစ်ခုရေးဆွဲခဲ့ပါသည်။

၃၆။ ဆယ်စုနှစ်ပထမပိုင်းတွင် တရုတ်နိုင်ငံ၏သစ်တောဖုံးလွှမ်းမှုသည် နှစ်စဉ် (၁၁,၅၀၀) စတုရန်းမိုင်တိုးပွားလာကြောင်း ၂၀၁၁ ခုနှစ် United Nations ၏ အစီရင်ခံစာအရ သိရှိရပါသည်။ နိုင်ငံတကာသစ်တောထိန်းသိမ်းရေး အဖွဲ့အစည်းများ၏ အကူအညီကိုရယူ၍ ဒေသခံပြည်သူများသည် လေကာထစ်စိုက်ပျိုးခြင်းနှင့် မြက်ခင်းပြင်စိုက်ပျိုးခြင်းစီမံကိန်းများကို ဆောင်ရွက်ခဲ့ကြပါသည်။ ဆယ်စုနှစ်နောက်ပိုင်းတွင် တရုတ်နိုင်ငံသည် သစ်တောဖုံးလွှမ်းမှုများကို တိုးပွားလာအောင် ဆောင်ရွက်နိုင်ခဲ့ကြပါသည်။[17]

## ကနေဒါနိုင်ငံ၏ သစ်တောထိန်းသိမ်းမှုများ

၃၇။ ကနေဒါနိုင်ငံ၏ ဧရိယာသန်း (၄၀၂) ဟတ်တာသည် သစ်တောများဖြင့် ဖုံးလွှမ်းနေပါသည်။ ကနေဒါနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုသည် တစ်ကမ္ဘာလုံးသစ်တောဖုံးလွှမ်းမှု၏ (၁၀) ရာခိုင်နှုန်းခန့်သာရှိပါသည်။ ၂၀၀၅ ခုနှစ်ခန့်မှန်းချက်အရ ကနေဒါနိုင်ငံ၏သစ်တောပြုန်းတီးမှုသည် (၅၆၀၀၀) ဟတ်တာရှိသည်ဟု ခန့်မှန်းတွက်ချက်ထားပါသည်။ ကနေဒါနိုင်ငံသည် သစ်တောများကို အခြားကဏ္ဍများတွင်အသုံးပြုရန် ခုတ်ထွင်ရှင်းလင်းခြင်း၊ ရိတ်သိမ်းခြင်း၊ ကုန်ပစ္စည်းများနှင့် စက္ကူများ ထုတ်လုပ်ခြင်းစသည်တို့ကို အသုံးပြုခဲ့ကြပါသည်။

၃၈။ ၁၉၇၀ ပြည့်နှစ်နှင့် ၁၉၈၀ ပြည့်နှစ်အစောပိုင်းတွင် ရေအားလျှပ်စစ်ထုတ်လုပ်ရေးစီမံကိန်းဖြင့် နှစ်စဉ်သစ်တောပြုန်းတီးမှုနှုန်းများ လျော့နည်းသွားခဲ့ပါသည်။ ၂၀၀၅ ခုနှစ်တွင် ကနေဒါနိုင်ငံ၏သစ်တောပြုန်းတီးမှုသည် ၀.၀၀၂ ရာခိုင်နှုန်းလျော့နည်းခဲ့ပါသည်။ တစ်ကမ္ဘာလုံးနှင့် နှိုင်းယှဉ်လျှင် ကနေဒါနိုင်ငံ၏သစ်တောပြုန်းတီးမှုသည် ၀.၄ ရာခိုင်နှုန်းသာရှိပါသည်။

[17] Restore the world's forest cover, 18th December 2014, https://www.forestry.gov.uk/forestry/infd-7m8mtw မှကောက်နုတ်ထားပါသည်။

၃၉။ သစ်တောပြုန်းတီးမှုများကိုလျော့ချရန် အစိုးရသည် ဥပဒေများ၊ မူဝါဒများချမှတ်ထားခြင်းဖြင့် သစ်တောပြုန်းတီးမှုများကို ဖြေရှင်းပေးနိုင်ခဲ့ကြပြီး အစိုးရနှင့်ပြည်သူလူထုပူးပေါင်း၍ ဆောင်ရွက်ကြပါသည်။[18]

## ထိုင်းနိုင်ငံ၏သစ်တောထိန်းသိမ်းမှုများ

၄၀။ ထိုင်းနိုင်ငံ၏ သစ်တော ဧရိယာအကျယ်အဝန်းမှာ စတုရန်းကီလိုမီတာ (၅) သိန်းကျော်ရှိပါသည်။ ၁၉၇၆ ခုနှစ်မှ ၁၉၈၂ ခုနှစ်အတွင်း သစ်တောဧရိယာသည် ၆.၂ ရာခိုင်နှုန်းသို့ လျော့ကျခဲ့ပါသည်။ ကျေးလက်လူဦးရေ၏ ၆၀ ရာခိုင်နှုန်းသည် သစ်တောအနီးတွင် နေထိုင်ကြပါသည်။

၄၁။ ၁၉ ရာစုတွင် သစ်ထုတ်လုပ်မှုကို ပုဂ္ဂလိကလုပ်ငန်းများအား လုပ်ကိုင်ခွင့်ပြုခဲ့ပါသည်။ ထိုအချိန်က ထိုင်းနိုင်ငံ၏ မြေဧရိယာ ၆၀ ရာခိုင်နှုန်းသည် သစ်တောများဖြစ်ကြပြီး ယခုအချိန်တွင် ၁၅ ရာခိုင်နှုန်းသာ ကျန်ရှိပါသည်။[19]

၄၂။ ပထမဆုံး သစ်ပင်စိုက်ပျိုးခြင်းအစီအစဉ်ကို RFD (Royal Forest Department)၏ အစီအစဉ်ဖြင့် စီစဉ်ဆောင်ရွက်ပါသည်။ ၂၀၀၆ ခုနှစ်တွင် (၄၉၂၅၅) ဟတ်တာ ၅၃ ရာခိုင်နှုန်း ပြန်လည်စိုက်ပျိုးခဲ့ပါသည်။ RFD (Royal Forest Department) မှ သစ်တောများကို စီမံခန့်ခွဲရန် မဟာစီမံကိန်း (၁၀) နှစ်တာကို အကောင်အထည်ဖော်ခဲ့ပါသည်။ ရည်မှန်းချက်အနေဖြင့် သစ်တောပြုန်းတီးမှုများကိုကာကွယ်နိုင်ရန် ပုဂ္ဂလိကလုပ်ငန်းလုပ်ကိုင်ခြင်းအားဖြင့် စတင်ခဲ့ပါသည်။ ၎င်းအစီအစဉ်မှ ၂၀၀၆ ခုနှစ်မှ ၂၀၁၆ ခုနှစ်ထိ (၁၀) နှစ်အတွက် ထိုင်းဘတ် ၁၇ ဘီလီယံကျော်ကျခံပြီး ၂၀၁၆ ခုနှစ်မှ ၂၀၃၁ ခုနှစ်ထိ (၁၅) နှစ်အတွင်း ဟတ်တာ ၂.၄ သန်း ဖြစ်လာနိုင်မည်ဟု ခန့်မှန်းထားပါသည်။

၄၃။ ထိုင်းနိုင်ငံသည် အထိမ်းအမှတ်နေ့များတွင် နိုင်ငံသူနိုင်ငံသားများ၊ အသင်းအဖွဲ့များ၊ ကျောင်းနေအရွယ်ကလေးများ၊ ဘုန်းတော်ကြီးများ၊ ပညာရေးအဖွဲ့အစည်းများနှင့် ရွာသူရွာသားများသည် လစ်လပ်နေသော သစ်တောမြေများတွင် သစ်ပင်စိုက်ရန် အလေးအနက်ထား ဆောင်

---
[18] Deforestation in Canada – What Are the Facts?, http://cfs.nrcan.gc.ca/pubwarehouse/pdfs/28159.pdf မှကောက်နုတ်ထားပါသည်။

[19] Thailand's Forests, http://www.a-p-e.org/forest-conservation-thailand.php မှကောက်နုတ်ထားပါသည်။(ကောက်နုတ်ရရှိသည့်ရက် 24.6.2017)

ရွက်ကြရပါသည်။ ၂၀၀၇ ခုနှစ်တွင် ဒေသခံပြည်သူများမှ မျိုးစေ့ချ၍ သစ်ပင်များစိုက်ပျိုးခြင်းကြောင့် သစ်တောဧရိယာ ၂၇၂၀၀၀ ဟက်တာကို စိုက်ပျိုးခဲ့ပါသည်။[20]

## ကျွမ်းကျင်သူများ၏ အမြင်များ

၄၄။ နည်းလမ်းမျိုးစုံဖြင့် သစ်တောသယံဇာတများကို ထိန်းသိမ်းထားသော်လည်း တရားမဝင်သစ်ထုတ်လုပ်ခြင်း၊ လာဘ်ပေးလာဘ်ယူပြုလုပ်ခြင်း၊ ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများအပေါ် မသမာမှုများရှိသဖြင့် မြန်မာနိုင်ငံသည် သစ်တောပြုန်းတီးမှု တတိယအဆိုးရွားဆုံးနိုင်ငံဖြစ်နေသည်ဟု သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်အလုပ်ရုံဆွေးနွေးပွဲမှ သုံးသပ်ပါသည်။[21]

၄၅။ နိုင်ငံတော်မှ သစ်ထုတ်လုပ်မှုကို ရပ်ဆိုင်းမှုသည် သစ်တောပြုန်းတီးခြင်းကို ကာကွယ်ရန်ရည်ရွယ်သော်လည်း လက်နက်ကိုင် အဖွဲ့အစည်းများ၏ သစ်ထုတ်လုပ်နေမှုများကို ထိန်းချုပ်ရန်ခက်ခဲပါသည်။ အဆိုပါလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးရမှသာ သစ်တောဥပဒေသည် အားလုံးအပေါ် အကျိုးသက်ရောက်နိုင်မည်ဟု သစ်တောပညာရှင် တစ်ဦးကပြောကြားပါသည်။[22]

၄၆။ သစ်တောထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများ ပါဝင်လာအောင် စည်းရုံးဆောင်ရွက်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးလုပ်ငန်းများကို ဒေသခံပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် ဆောင်ရွက်ရမည်ဟု ဒုတိယသမ္မတက ပြောကြားပါသည်။[23]

၄၇။ ကလေးငယ်များ သစ်တော၊ သစ်ပင်များကို ချစ်တတ်လာစေရန်နှင့် တန်ဖိုးထားတတ်စေရန်အတွက် စာသင်ကျောင်းများတွင် သစ်တောအမျိုးအစားများ၊ သစ်တော၏ အရေးပါမှုများ၊

[20] FOREST MANAGEMENT IN THAILAND, Royal Forest Department, Ministry of Natural Resources and Environment, Available from, http://www.forest.go.th/foreign/images/stories/FOREST% 20MANAGEMENT%20IN%20THAILAND.pdf မှကောက်နုတ်ထားပါသည်။

[21] သစ်တောသယံဇာတ ရေရှည်တည်တံ့ရေးအတွက် သိသာထင်ရှားသည့် ပြုပြင်ပြောင်းလဲရေးအစီအစဉ် ့http://www.moecaf.gov.mm/content

[22] မြန်မာ့သစ်တောထိန်းသိမ်းရေးအတွက် အရေးပါသည့် စီမံခန့်ခွဲမှု၊ http://www.thesar8.com/2016/10/blog-spot_91.html မှကောက်နုတ်ထားပါသည်။

[23] ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဆိုင်ရာများကို ရှင်လင်ပြောကြားခြင်း(၂၇.၂.၂၀၁၇)ရက်နေ့ထုတ်မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၈) မှကောက်နုတ်ထားပါသည်။

သစ်ပင်စိုက်ပျိုးခြင်းများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဆိုင်ရာကို ဘာသာရပ်တစ်ခု အဖြစ် ပို့ချပေးရန်လိုအပ်သည်ဟု သစ်ပင်ချစ်သူတစ်ဦးမှ ပြောကြားပါသည်။

၄၈။ မြန်မာနိုင်ငံတွင် သစ်တောပြုန်းတီးမှုကြောင့် ကုန်းနေ၊ ရေနေသတ္တဝါများ၊ ငှက်မျိုးစုံ၊ နို့တိုက်သတ္တဝါများနှင့် တွားသွားသတ္တဝါမျိုးစိတ်ပေါင်း (၁၇၀၉) မျိုးရှိပြီး ၅.၉ ရာခိုင်နှုန်းမှာ ပျောက်ကွယ်တော့မည့် အန္တရာယ်များနှင့် ရင်ဆိုင်နေရသည်ဟု ကုလသမဂ္ဂလက်အောက်ခံ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှု စောင့်ကြည့်အဖွဲ့က ဖော်ပြထားပါသည်။

## နိဂုံး

၄၉။ သစ်တော၊ သစ်ပင်များသည် လူသားများအပါအဝင် တောရိုင်းတိရစ္ဆာန်များ၊ ဇီဝမျိုးစုံ မျိုးကွဲအားလုံးတို့ ရေရှည်ရပ်တည်နိုင်ရေးအတွက် စားဝတ်နေရေး၊ ဆေးဝါးများ၊ လောင်စာများ၊ စွမ်းအင်များ၊ သောက်သုံးရေစသည့်အခြေခံလိုအပ်ချက်များကို ဖြည့်စွမ်းပေးနိုင်သလို ရာသီဥတု ညီညွတ်မျှတစေခြင်းနှင့် ကာဗွန်သိုလှောင်ခြင်းများအတွက် အထောက်အပံ့ပေးသည့် စွမ်းအား ရှင်ကြီးပင်ဖြစ်ပါသည်။

၅၀။ သစ်တောများထိန်းသိမ်းခြင်းနှင့်အတူ ပြန်လည်ထူထောင်ခြင်းသည် သစ်နှင့်သစ်တော ထွက်ပစ္စည်းများသာမကတန်ဖိုးမဖြတ်နိုင်သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှု တန်ဖိုးများကို ရရှိနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ သစ်တောထိန်းသိမ်းခြင်းနှင့် ပြန်လည်ထူ ထောင်ခြင်းများ၏ အခန်းကဏ္ဍကို မြှင့်တင်ရာတွင် အထောက်အကူဖြစ်စေနိုင်မည့် အချက် အလက်များအား စုစည်း၍ရေးသားပြုစုထားခြင်းဖြစ်ပါသည်။

*ဤစာတမ်းတိုအား ဒေါ်ဆွေနွယ်ဝင်း(လက်ထောက်ညွှန်ကြားရေးမှူး) မှ တာဝန်ယူ ရေးသား၍ သုတေသနဌာနမှ အရာထမ်းအဆင့်ဆင့်က ဝိုင်းဝန်းကြီးကြပ်တည်းဖြတ်၍ ထုတ်ဝေခြင်း ဖြစ်ပါသည်။*

သုတေသနဌာန

ပြည်သူ့လွှတ်တော်ရုံး

**သတိပြုရန်**

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စ တစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တပြေးညီ နောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ် မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာအကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များလိုအပ်ပါက အရည် အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော် သုတေသနဝန်ဆောင်မှုသည် စာတမ်းတိုများတွင် ပါဝင်သောအကြောင်းအရာများနှင့်စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများနှင့် ဆွေးနွေးမှုများ ပြုလုပ်ပေးနိုင်ပါသည်။ အများပြည်သူနှင့် ဆွေးနွေးမှုများ ပြုလုပ်ခြင်းမရှိပါ။

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန်
(သို့မဟုတ်) သုတေသနဌာနအား လာရောက်လေ့လာရန်
အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။


သုတေသနဌာန
ပြည်သူ့လွှတ်တော် C ဆောင် - ဒုတိယထပ်
တယ်လီဖုန်း - ၀၆၇ - ၅၉၁၂၈၄၊ ၀၆၇ - ၅၉၁၂၈၅